ကျေးဇူးတော်ရှင်
ချမ်းမြေ့ဆရာတော်ဘုရားကြီး

# သူတော်လမ်းပြ
# လောကပါလတရားတော်

၁၃၇၅ - ခုနှစ် တပေါင်းလ
**ချမ်းမြေ့ဆရာတော်ဘုရားကြီးအား**
**ပထမအကြိမ်ပူဇော်ပွဲ အထိမ်းအမှတ်**

ဒေါ်ခင်လှ နှင့် တူ၊ တူမများ

အုပ်ရေ - ၁၀၀

## သူတော်လမ်းပြ
## လောကပါလတရားတော်

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒီကနေ့ သာသနာတော်နှစ် ၂၅၅၆ ခုနှစ်၊ မြန်မာနှစ် ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ခရစ်နှစ် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ ၇ နာရီ ၅၂ မိနစ် အချိန်မှာ ဘုန်းကြီးတို့ တရားပွဲ စပါတယ်။ တရားပွဲသဘင် ဆင်ယင်ကျင်းပရာဌာနကတော့ မဟာဗန္ဓုလပန်းခြံလမ်းမှာ ပြင်ဆင်ထားတဲ့ တရားမဏ္ဍပ်မှာ ဖြစ်ပါတယ်။ ဟောမည့်တရားကတော့ "သူတော်လမ်းပြ လောကပါလတရားတော်" ဖြစ်ပါတယ်။

ဒီတရားပွဲ ဖိတ်စာထဲမှာ နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက်ဆိုတဲ့ နှစ်သစ်ကို ကြိုဆိုတဲ့ ဆောင်ပုဒ်ကလေးတွေ တွေ့ရပါတယ်။ နှစ်သစ်ရောက်ဖို့ကလဲ သိပ်မလိုတော့ဘဲကို။ ၁၅ ရက်၊ ရက် ၂၀ လောက်ပဲ လိုတော့တာဆိုတော့ နှစ်သစ်ကိုကြိုတာ ကောင်းပါတယ်။ ကဲ ဒီတော့ နှစ်သစ်ကို ကြိုကြရအောင်။

## နှစ်သစ်မင်္ဂလာ

**နှစ်ဟောင်းကုန်ပျောက်၊ နှစ်သစ်ရောက်၊ ထွန်းတောက်မင်္ဂလာ ရှိပါစေ။**

**နှစ်သစ်မင်္ဂလာ၊ ဒီချိန်ခါ၊ စိတ်မှာညစ်မဲကင်းပါစေ။**

**တနှစ်ပတ်လုံး၊ စိတ်ဖြူဖုံး၊ ရွှင်ပြုံးကြည်သာ ရှိပါစေ။**

**နှစ်သစ်ချိန်ခါ၊ များသတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။**

**ကုသိုလ်ကျန်းမာ၊ ပညာစီးပွား၊ ဒီရေလား၊ တိုးပွားကြပါစေ။**



**သတ္တဝါမှန်သမျှ၊ ဘေးမခ၊ အေးမြချမ်းသာ ရှိပါစေ။**

**သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။**

ပရိသတ်လက်ထဲမှာရှိတဲ့ ဖိတ်စာထဲမှာ ဒီဆောင်ပုဒ် ပါပါတယ်။ စာရွက်ကြည့် ရွတ်ဖတ်ပြီး နှစ်သစ်ကို ကြိုဆိုကြပါ။ နှစ်သစ်မင်္ဂလာ ဆောင်ပုဒ်နဲ့ နှစ်သစ်ကို ကြိုဆိုပြီးတော့ ဘုန်းကြီးတို့ တရားစဟောရပါမယ်။ ဘုန်းကြီးတို့ ဘယ်နေရာမှာပဲ တရားဟောဟော များသောအားဖြင့် ဝိပဿနာတရားပဲ ဟောပါတယ်။ တခြားတရား ဟောခဲပါတယ်။ ဒီနေ့တော့ ဝိပဿနာတရား မဟောပါဘူး။ အားလုံးအတွက် လိုအပ်တဲ့တရားကို ဟောပါမယ်။ အဲဒီတရားက **သူတော်လမ်းပြ လောကပါလတရား**ပါပဲ။ အမှန်တော့ ဒီတရားဟာ တရားနာပရိသတ်လက်ထဲ ရောက်နေပါပြီ။ အဲဒါကတော့ သူတော်လမ်းပြသြဝါဒ စာရွက်ခေါက်ကလေးတွေပါပဲ။ ဒီတော့ ဘုန်းကြီးမဟောသေးမီတရားသဘော ငုံမိနေအောင် တရားနာ



ပရိသတ်လက်ထဲမှာ ဝေငှထားတဲ့ သူတော်လမ်းပြတရား စာရွက်ခေါက်ကလေးတွေကို ဖြန့်လိုက်ကြပါ။ အဲဒါကို အစကနေပြီး ဖတ်လိုက်ရင် ဒီနေ့ ဟောမည့် တရား သဘောကို ငုံမိသွားပါလိမ့်မယ်။ ကဲ အစကနေပြီး ညီညီညာညာ ဖတ်လိုက်ကြပါ။

## သူတော်လမ်းပြ လောကပါလတရား

ဟိရီနှင့်ဩတ္တပ္ပ= အရှက်နှင့်အကြောက် တရားနှစ်ပါးသည် လောကကြီး ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်သော လောကပါလတရားများဖြစ်ကြောင်း မြတ်စွာဘုရား မိန့်ကြားတော်မူသည်။

## သူတော်ကောင်းလမ်းစဉ်

သူတော်ကောင်းသည် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြုရမှာ ပြောရမှာ ကြံတွေးရမှာ အလွန်ရှက်သည် (ဟိရီ)။ ထို့ကြောင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုဘဲရှောင်ကြဉ်သည်။



မကောင်းမှု ဒုစရိုက်ကို ပြုခြင်းကြောင့် ခံစားရမည့် ဆိုးကျိုး ဆင်းရဲကျိုးကို အလွန်ကြောက်သည် (ဩတ္တပ္ပ)။ ထို့ကြောင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုဘဲ ရှောင်ကြဉ်သည်။

အရှက်အကြောက်ရှိသူသည် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုလုပ်၊ မပြောဆို၊ မကြံတွေးသောကြောင့် သူတော်ကောင်းဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာသည်။ ကောင်းကျိုးရသည်။ အရှက်အကြောက်တရား ဟိရီ ဩတ္တပ္ပ နှစ်ပါးသည် သူတော်ကောင်းတို့၏ ဥစ္စာစစ်စစ် ရတနာအနှစ် ဖြစ်သည်။

## သူယုတ်လမ်းစဉ်

သူယုတ်မာသည် မကောင်းမှုကို ပြုရမှာ ပြောရမှာ ကြံတွေးရမှာ မည်သည့်အခါမျှ မရှက်တတ်၊ မကြောက်တတ်။ မကောင်းမှုကို ရဲရဲ တင်းတင်း ပြုလုပ်၊ ပြောဆို၊ ကြံတွေးသည်။

လောကမှာ မကောင်းမှု ဒုစရိုက်ကို ပြုရမှာ အရှက်မရှိ အကြောက်မရှိသူသည် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်ပြုလုပ် ပြောဆို ကြံတွေးသည်။ ထို့ကြောင့် ယုတ်ညံ့နိမ့်ကျသူ ဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ပူလောင်သည်။ ပင်ပန်းဆင်းရဲသည်။ ဆိုးကျိုးခံစား ရသည်။ အရှက်မရှိခြင်း (**အဟိရိက**)၊ အကြောက် မရှိခြင်း (**အနောတ္တပ္ပ**)တို့သည် သူယုတ်တို့၏ ဥစ္စာစစ်စစ် ဖြစ်သည်။

## ကိုယ့်ကိုယ်ကို ရှက်တတ်မှ သူတော်ကောင်းစစ်စစ်

အချို့သူများသည် သူတပါးတို့ ပြစ်တင် ကဲ့ရဲ့မည်ကို ရှက်ကြောက်၍ မကောင်းမှု အကုသိုလ် ဒုစရိုက်ကို မပြုသော်လည်း သူတပါးတို့ မျက်ကွယ်၌ မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြုကောင်းပြုပေ မည်။ ထိုသူမျိုးသည် သူတော်ကောင်း စစ်စစ် မဖြစ် သေးပေ။ သူတပါးတို့မျက်ကွယ်၌လည်း မိမိကိုယ်



ကိုရှက်၍ မကောင်းမှုကို မပြုလုပ်၊ မပြောဆိုသူ သည်သာလျှင် သူတော်ကောင်းစစ်စစ် ဖြစ်သည်။

ထို့ကြောင့် သူတော်ကောင်း ဖြစ်လိုလျှင် ကိုယ့်ကိုယ်ကို ရှက်တတ်ပါစေ။ ကိုယ့်ကိုယ်ကို ရှက်တတ်ဖို့အရေးကြီးသလို ကိုယ့်ကိုယ်ကို ကြည် ညိုနိုင်ဖို့လည်း အရေးကြီးသည်။ ကိုယ့်ကိုယ်ကို ရှက်တတ်သူသည် ကိုယ့်ကိုယ်ကို ကြည်ညိုနိုင်သူ ဖြစ်၍ သူတော်ကောင်းဖြစ်သည်။ လောကကို အလှဆင်သူ၊ လောက ကောင်းကျိုးကို ဆောင်သူ ဖြစ်သည်။

## အရှက်များ အကြောက်များ

မိမိကိုယ်ကို အယူအဆခေတ်မီသူဟု မှတ် ထင်ကြသော အချို့လူများသည် လှူရတန်းရမှာ ရှက်ကြ ကြောက်ကြသည်။ သီလစောင့်ထိန်းရမှာ ရှက်ကြ ကြောက်ကြသည်။ ဥပုသ်စောင့်ရမှာ ရှက်ကြ ကြောက်ကြသည်။ တရားနာရမှာ တရားအားထုတ်ရမှာ ရှက်ကြ ကြောက်ကြသည်။



ထိုအရှက်များ အကြောက်များများကို မိစ္ဆာဟိရီ၊ မိစ္ဆာဩတ္တပ္ပဟု ဆိုသင့်သည်။ ဤသို့သော အရှက် များ အကြောက်များများကိုကား စိတ်ထဲမှာ လုံးဝ မထားအပ် မရှိအပ်ပေ။

တချို့ကျတော့လည်း မှန်ကန်၍ လုပ်သင့် လုပ်ထိုက်၊ ပြောသင့် ပြောထိုက်သော အရာများ ကို မလုပ်ဝံ့ မပြောဝံ့ဘဲ ကြောက်ကြ ရှက်ကြ သည်။ ဤ အကြောက်အရှက်မျိုးသည်လည်း အကြောက်မှား၊ အရှက်မှားများ ဖြစ်ကြသည်။ မှန်ကန်၍ အကျိုးရှိမည့် အရာကို ရဲရဲဝံ့ဝံ့ လုပ်ရ မည်။ ပွင့်ပွင့်လင်းလင်း ပြောရမည်။ လုပ်ဝံ့ ပြောဝံ့ အောင် မှန်ကန်သော သတ္တိကို မွေးရမည်။

## အမြဲနှလုံးသွင်း လိုက်နာကျင့်သုံးရမည့်တရားများ

**၁။ အမြဲတစေ စိတ်ကောင်းထား၊ စိတ်ထား ဖြူစင်အောင် နှလုံးသွင်း။**

**၂။ ကျန်းမာရေးကို အထူးဂရုထား၊ ကျန်းမာ ရေး ဗဟုသုတရနိုင်သမျှ စုဆောင်း။**



**၃။ ကိုယ့်ကျင့်သီလ မည်သည့်အခါမျှ မချွတ် ယွင်း ပါစေနှင့်။**

**၄။ ဒါန၊ သီလ၊ ဘာဝနာ၊ ဝေယျာဝစ္စ ကုသိုလ် များ အမြဲတစေ စိတ်မှာထား။**

**၅။ ကိုယ်ကျိုးကြည့်ခြင်းကို ရှောင်၊ အများ အကျိုးသယ်ပိုးရွက်ဆောင်၊ နိဗ္ဗာန်တိုင် အောင် ချမ်းသာသည်။**

**၆။ သူတပါးအပြစ်ကို မိမိနှလုံးအိမ်မှာ မစိမ် နှင့်။**

**၇။ အားလုံးအပေါ် မေတ္တာပွား၊ ခွင့်လွှတ်သည်း ခံစိတ် များများထား။**

**၈။ မိမိအပြစ်ကို အမြဲတစေ ကြည့်ရှုစစ်ဆေး၊ ကိုယ် နှုတ် စိတ် အပြစ်ကင်းအောင် ပြုပြင် ပေး။**

**၉။ အရာရာတွင် အကောင်းမြင်ဘက်မှကြည့်၍ သင့်တင့်အောင် နှလုံးသွင်း၊ ယောနိသော မနသိကာရ လက်ကိုင်ထား။**

**၁၀။ အမြဲတစေ အကုသိုလ်ပါး ကုသိုလ်ပွား အောင် ကြိုးစားနေထိုင်ပါ။**

**အောင်မြင်ကြောင်းတရား**

- **မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။**
- **ပြောပြုတွေးလျှင်၊သတိယှဉ်၊ ဆင်ခြင်ဉာဏ် ရှေ့သွား။**
- **စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံ မေတ္တာထား။**
- **လုံ့လနှင့်ခွဲ၊ မလျှော့ပဲ၊ အမြဲတင်းတင်းထား။**
- **အရာရာတွင်၊ အသုံးဝင်၊ အောင်မြင်ကြောင်းတရား။**
- **အားလုံးကြည်လင် ရွှင်လန်း ချမ်းမြေ့ကြပါစေ။**



**ချမ်းမြေ့ဆရာတော်ဘုရားကြီးအား**

**တပည့်များ နေ့စဉ်လျှောက်ထားရသော ဩဝါဒတရား**

တပည့်တော်များသည် ဟိရီ နှင့် ဩတ္တပ္ပ အရှက်နှင့် အကြောက်တရားနှစ်ပါးကို အမြဲတစေ စိတ်မှာထားလျက် စိတ်ထားဖြူစင်အောင် ကိုယ်ကျင့်တရားဖြူစင်အောင် ကြိုးစား၍ ကျင့်ကြံနေထိုင်ကြပါမည်ဘုရား။

**စိတ်ထားဖြူစင်၊ သူတော်စင်၊**
**အစဉ်ချမ်းသာသည်။**

**ကိုယ်ကျင့်ဖြူစင်၊သူတော်စင်၊**
**အစဉ်ချမ်းသာသည်။**

**စိတ်ထားလည်းဖြူ၊ ကိုယ်ကျင့်ဖြူ၊**
**နတ်လူ ချစ်ခင်သည်။**

ဘုန်းကြီးတို့ အခုဟောမည့် **သူတော်လမ်းပြ လောကပါလတရား**ဟာ အခုဖတ်ပြီးခဲ့တဲ့ ဩဝါဒ စာရွက်ခေါက်ကလေးထဲမှာပါသမျှ အပြည့်အစုံ



ပါပဲ။ ဘုန်းကြီးမဟောလဲပဲ စာရွက်က ဟောလိုက်လို့ ကိစ္စကတော့ပြီးသွားပါပြီ။ နားလည်ကြတယ်မဟုတ်လား။ (နားလည်ပါတယ်ဘုရား)

အဲဒီမှာ သူတော်လမ်းပြ လောကပါလ တရားဟာ သူတော်ကောင်းဖြစ်ရေးအတွက် လမ်းညွှန်ပြတဲ့တရား၊ လောကကြီး ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်တဲ့တရား၊ အဲဒီတရားကို ဒီနေ့ နည်းနည်းဟောရမယ်။ မြတ်စွာဘုရား **အင်္ဂုတ္တရနိကာယ်** နဲ့ **ဣတိဝုတ်ပါဠိတော်** မှာ ဒီလောကပါလတရားကို မိန့်ကြားတော်မူခဲ့ပါတယ်။

**ဒွေမေ ဘိက္ခဝေ သုက္ကာ ဓမ္မာ လောကံ**
**ပါလေန္တိ။ကတမေဒွေ၊ ဟိရီစ ဩတ္တပ္ပဉ္စ။**

**ဘိက္ခဝေ**–တပည့်တို့၊ **သုက္ကာ**–ဖြူစင်ကုန်သော၊ **ဣမေဒွေဓမ္မာ**– ဤတရားနှစ်ပါးတို့သည်၊ **လောကံ**– လောကကို၊ **ပါလေန္တိ**– ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်ကြကုန်၏။ **ဒွေ**–လောက



ကို ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်တဲ့ တရားနှစ်ပါးဆိုသည်မှာ၊ **ကတမေ** –အဘယ်သည်တို့နည်း။ **ဟိရီစ**– မကောင်းမှုဒုစရိုက်ကိုပြုရမှာ ပြောရမှာ ကြံတွေးရမှာ ရှက်ခြင်းလည်းကောင်း၊ **ဩတ္တပ္ပဉ္စ**–မကောင်း မှုဒုစရိုက်ကို ပြုရမှာ ပြောရမှာ ကြံတွေးရမှာ ကြောက်ခြင်းလည်းကောင်းတည်း။

လောကကြီးငြိမ်းချမ်းသာယာအောင်စောင့်ရှောက်တဲ့ တရားနှစ်ပါးရှိတယ်။ ဘယ်တရားတွေလဲဆိုတော့ **ဟိရီ** နှင့် **ဩတ္တပ္ပ** ပါပဲ။

**ဟိရီ** ဆိုတာ ရှက်တဲ့စိတ်၊ **ဩတ္တပ္ပ**ဆိုတာ ကြောက်တဲ့စိတ်။ **ဟိရီ**က ဘာကို ရှက်တာလဲဆိုတော့ မကောင်းမှု ဒုစရိုက်ကို ပြုရမှာ ရှက်တာ။ ဒါကြောင့် မကောင်းမှုကို မပြုဘဲ ရှောင်ကြဉ်တယ်၊ မကောင်းမှု ဒုစရိုက်ပြုရမှာ ကြောက်တယ်၊ မကောင်းမှု ဒုစရိုက်ကိုပြုရင် အပါယ်ဒုဂ္ဂတိဘဝ ရောက်သည်အထိ ဆိုးကျိုး ဆင်းရဲကျိုးကို ရနိုင်

တယ်။ ဒါကြောင့် မကောင်းမှုဒုစရိုက်ကို ကြောက်လို့ မပြုဘဲ ရှောင်ကြဉ်တယ်။

ဒီတော့ လောကမှာ သတ္တဝါတွေ ဆင်းရဲနေကြတာ ဘာကြောင့်လဲဆိုတော့ အများအားဖြင့် မကောင်းမှု ဒုစရိုက်တွေကို ပြုလုပ် ပြောဆို ကြံတွေးနေကြလို့ပဲ။ အဲဒီ မကောင်းမှုတွေကို မပြုဘဲ ရှောင်ကြဉ်လိုက်ရင် မဆင်းရဲတော့ဘူး၊ ချမ်းသာကြမှာဘဲ။ ဒီတော့ လောကကြီး ငြိမ်းချမ်းသာယာတာပေါ့။

## ရှက်ဖို့ကြောက်ဖို့ အရေးကြီးတယ်

ဆင်းရဲငြိမ်းအေး ချမ်းသာရေးအတွက် မကောင်းမှု ဒုစရိုက်တွေကို မပြုဘဲ ရှောင်ကြဉ်ရမယ်။ အဲဒီဒုစရိုက်တွေကို ရှောင်ကြဉ်နိုင်ဖို့ကတော့ အဲဒီ ဒုစရိုက်တွေရဲ့ အပြစ်တွေကို သေသေချာချာ သိနားလည်ပြီး ဒီဒုစရိုက်တွေကို ပြုရမှာ ရှက်တဲ့စိတ် ကြောက်တဲ့စိတ် ရှိဖို့လိုတယ်။



ဒုစရိုက်ပြုရမှာ ရှက်ရင် ကြောက်ရင် မပြုတော့ဘူးပေါ့။ အဲဒီ အရှက်အကြောက် မရှိရင်တော့ မကောင်းမှုတွေ ပြုကြမှာဘဲ။ ဒါကြောင့် လောကမှာ လူတိုင်းရဲ့ သန္တာန်မယ် မကောင်းမှုပြုရမှာ ရှက်တဲ့စိတ် ကြောက်တဲ့စိတ်တွေ ရှိဖို့ရာ အလွန် အရေးကြီးပါတယ်။ လူတိုင်းမှာ ရှက်စိတ် **ဟိရီ** နှင့် ကြောက်စိတ် **ဩတ္တပ္ပ** နှစ်ပါးရှိကြရင် ဘယ်သူမှ မကောင်းမှု ဒုစရိုက်ကို ပြုကြမှာ မဟုတ်ဘူး။ ဒီလိုဆိုရင် ဘယ်သူမှ ထိခိုက် နစ်နာစရာ မရှိတဲ့အတွက် မဆင်းရဲကြတော့ဘူး။ လူတိုင်းချမ်းသာနေကြမှာဘဲ။ တလောကလုံး ငြိမ်းချမ်းသာယာနေမှာဘဲ။ ဒါကြောင့် မြတ်စွာဘုရားက ဟိရီနှင့် ဩတ္တပ္ပတရား နှစ်ပါးဟာ လောကကြီး ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်တဲ့ လောကပါလ တရားနှစ်ပါးလို့ မိန့်ကြားတော်မူတာပါပဲ။

3A



## ကိုယ်စောင့်နတ်များ

အဲဒီ အရှက်ဟိရီနှင့်အကြောက် ဩတ္တပ္ပတရားနှစ်ပါး စိတ်ထဲမှာ အမြဲရှိနေရင် အဲဒီ လူဟာ မကောင်းမှု ဒုစရိုက်ကို ဘယ်တော့မှ မပြုတော့ဘဲ ကောင်းမှုကုသိုလ်တွေကိုသာ ပြုတော့မှာ ဖြစ်တဲ့အတွက် အမြဲတစေ ချမ်းသာနေမှာဘဲ။ ဘာကြောင့်လဲဆိုတော့ သူ့ကို အရှက်အကြောက် ဟိရီ ဩတ္တပ္ပတရားနှစ်ပါးက စောင့်ရှောက် ထိန်းသိမ်းထားလို့ပါဘဲ။ ဒါကြောင့် ဟိရီနှင့် ဩတ္တပ္ပတရားနှစ်ပါးကို သူရဲ့ ကိုယ်စောင့်နတ်များလို့ဆိုရင် မမှားပါဘူး။ လူတိုင်းလူတိုင်းမှာ ဒီကိုယ်စောင့်နတ် နှစ်ပါးရှိရင် မကောင်းမှု ဒုစရိုက်တွေကို မပြုကြတော့ဘဲ ကောင်းမှု သုစရိုက်တွေကိုသာ ပြုကြ တော့မှာမို့ ဒီနတ်နှစ်ပါးကို သူတော်ကောင်း ဖြစ်အောင် စောင့်ရှောက်ပေးတဲ့ သူတော်ကောင်းတို့ရဲ့ ကိုယ်စောင့်နတ်များလို့ ဆိုရမှာဘဲ။



## သူတော်ကောင်း နတ်ကောင်းမ

ဒီနေရာမှာ ရှေးက ဒေါင်းမြန်မာ ဖတ်စာမှာပါတဲ့ အများသိပြီးသား အကြောင်းအရာ တခုကို ပြောပြချင်ပါတယ်။ ရှေးတုန်းက ဒိသာပါမောက္ခ ဆရာကြီးတယောက်က ရုပ်ချောလိမ္မာ ပညာတော်လှတဲ့ သူ့သမီးကို သင့်တော်တဲ့ တပည့်တယောက်ယောက်နှင့် ထိမ်းမြားလိုတဲ့အတွက် သူ့တပည့်တွေအားလုံးကို ခေါ်ပြီးတော့ "တပည့်တို့ ငါ့သမီးကို သင်တို့အထဲက တယောက်ယောက်နှင့် ထိမ်းမြားချင်တယ်၊ သင်တို့အိမ်က ပစ္စည်းဥစ္စာတွေကို ဘယ်သူမှ မသိအောင် ယူခဲ့ကြ၊ ပစ္စည်းတန်ဘိုး အများဆုံး ယူခဲ့တဲ့ တပည့်နှင့် ငါ့သမီးကို ထိမ်းမြား လက်ထပ်ပေးမယ်" လို့ ပြောလိုက်တယ်။

တပည့်တွေဟာ ရနိုင်သမျှ အိမ်ကပစ္စည်းတွေကို ဘယ်သူမှမသိအောင် ယူခဲ့ပြီးတော့ ဆရာကြီးကို ပေးကြတယ်။ ဆရာကြီးက စာရင်းမှတ်ပြီး

အသေအချာ သိမ်းထားတယ်။ တနေ့မှာ တပည့်အားလုံးကို ခေါ်လိုက်တယ်။ တယောက်မှ တပါးတပည့်အားလုံး ဆရာကြီးရှေ့မှာ ရှိရှိသေသေထိုင်ကြတယ်။ တပည့်တယောက်ကတော့ နောက်နားခပ်လှမ်းလှမ်းမှာ မျက်နှာ မကြည်မသာနှင့်တယောက်တည်း ထိုင်နေသတဲ့။ ဆရာကြီးကနှုတ်ဆက်စကား ပြောပြီးတော့ တယောက်တည်းခေါင်းငိုက်ဆိုက်ချ ထိုင်နေတဲ့ တပည့်ကို "ဟဲ့… ဟိုတပည့်က ဘာကြောင့် မှိုင်တွေချထိုင်နေရသလဲ" လို့ မေးလိုက်တယ်။ ဒီတော့ အဲဒီတပည့်က "ဆရာကြီး ခင်ဗျာ၊ ဆရာကြီးက အိမ်ကပစ္စည်းကို ဘယ်သူမှ မသိအောင် ယူခဲ့ရမယ်လို့ မိန့်ပါတယ်။ တခြားလူတွေ မသိအောင် ယူနိုင်ပေတဲ့ ကျွန်တော့်ကိုယ် စောင့်နတ် မသိအောင် မယူနိုင်တဲ့အတွက် ဘာပစ္စည်းမှ မယူခဲ့ပါဘူး" လို့ ဖြေလိုက်တယ်။ အမှန်တော့ ဒီတပည့်ဟာ အိမ်ကပစ္စည်းကို ခိုးယူခြင်းဆိုတဲ့ မကောင်းမှုကို ပြုဘို့ရာ သူ့ကိုယ်သူ **ရှက်လို့** မယူခဲ့တာပါ။ ဒါကိုဘဲ



ကိုယ်စောင့်နတ်လို့ အများနားလည်တဲ့ စကားနှင့် ပြောလိုက်တာပါ။ ဆရာကြီးက ဒီတပည့်ရဲ့ ကိုယ်ကျင့်တရား ပြည့်ဝပုံကို ချီးကျူးပြီးတော့ ဒီတပည့်နဲ့ဘဲ သမီးကို လက်ထပ်ပေးလိုက်တယ်။

တချို့က ဒီအကြောင်းအရာကို ပုံပြင်လို့ ပြောကြတယ်။ အမှန်တော့ ဒါဟာ ပုံပြင်မဟုတ်ပါဘူး။ ငါးရာငါးဆယ် ဇာတ်တော်ထဲက ဇာတ်တော်တခုပါ။ အမြော်အမြင်ရှိတဲ့ ရှေးပညာရှင်များက ဇာတ်တော်ကို ကိုယ်ကျင့်တရား သင်ခန်းစာအဖြစ် ဖက်စာအုပ်ထဲ ထည့်ထားကြတာပါ။ ဒီအထဲမှာပါတဲ့ တပည့်ကို **အရှက်** ဆိုတဲ့ **ကိုယ်စောင့်နတ်**က စောင်မလိုက်လို့ အများလိုချင်နေတဲ့ ဆရာကြီးရဲ့ သမီးချောကို ထူးထူးချွန်ချွန် ရသွားတာပါဘဲ။

## ကောင်းမှုနှင့် မကောင်းမှု ခြားနားချက်

မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ရှောင်ရမယ်၊ ကောင်းမှုကုသိုလ် သုစရိုက်ကို ပြုရမယ် ဆို



တော့ မကောင်းမှု အကုသိုလ်နှင့် ကောင်းမှုကုသိုလ်ကို သေသေချာချာ ခွဲခြားသိဖို့ လိုပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တချို့က မကောင်းမှု အကုသိုလ်ကို ကောင်းမှုကုသိုလ်လို့ ထင်မှတ်ပြီး ပြုလုပ်နေကြတာလဲ ရှိတယ်။ ကောင်းမှုကုသိုလ်ကိုလဲ မကောင်းမှုအကုသိုလ်လို့ ထင်မှတ်ပြီး မပြုလုပ်ဘဲနေကြတာလဲ ရှိတယ်။ ဒါကြောင့် ဒီနှစ်မျိုးကို ခွဲခွဲခြားခြား သိဖို့လိုပါတယ်။ အဲဒါကို မြတ်စွာဘုရားက **အဘိဓမ္မာ** ဒေသနာတော်မှာ ခွဲခြားပြီး မိန့်ကြားတော်မူပါတယ်။

ကုသလာ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊
အကုသလာ သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ

လို့ မိန့်ကြားတော်မူပါတယ်။

**ကုသလာ** – ကုသိုလ်ကောင်းမှုဆိုတာ၊ **အနဝဇ္ဇသုခဝိပါကလက္ခဏာ**– အပြစ်ကင်းခြင်း၊ ကောင်းကျိုးချမ်းသာကို ပေးခြင်းသဘော ရှိ၏။ **အကုသလာ** – အကုသိုလ် မကောင်းမှုဆိုတာ၊



**သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ**–အပြစ်မကင်းခြင်း ဆိုးကျိုး ဆင်းရဲကျိုးကို ပေးခြင်းသဘော ရှိ၏။

အဲဒီ ဒေသနာတော်အရ **ကောင်းမှုကုသိုလ်ရဲ့** သဘောလက္ခဏာက အပြစ်ကင်းတယ်၊ ကောင်းကျိုးချမ်းသာပေးတယ်၊ ဒီနှစ်မျိုးပဲ။ တနည်းပြောရရင် အပြစ်ကင်းလို့ ကောင်းကျိုးချမ်းသာ ပေးတတ်တဲ့ သဘောရှိတယ်။ **မကောင်းမှုအကုသိုလ်ရဲ့** သဘောလက္ခဏာက အပြစ်မကင်းဘူး၊ အပြစ်ရှိတယ်၊ ဆိုးကျိုးဆင်းရဲကျိုး ပေးတတ်တယ်၊ ဒီနှစ်မျိုးပဲ။ တနည်းပြောရရင်တော့ အပြစ်မကင်းလို့ အပြစ်ရှိလို့ ဆိုးကျိုး ဆင်းရဲကျိုးကို ပေးတတ်တဲ့ သဘော ရှိတယ်။

## အပြစ်ဆိုတာ ထိခိုက်နစ်နာတာ

အပြစ်မရှိတာ ကောင်းမှုကုသိုလ်၊ အပြစ်ရှိတာ မကောင်းမှု အကုသိုလ်လို့ ခွဲခြားတတ်ပြန်တော့ 'အပြစ်' ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို သိဖို့

လိုပြန်တယ်။ ဘာကြောင့်လဲဆိုတော့ အပြစ်ရဲ့ အဓိပ္ပါယ်ကို ယူဆကြရာမှာ ခလေ့ထုံးစံ ဘာသာ အယူဝါဒအလိုက် ကွဲပြားခြားနားနေလို့ပါပဲ။ပြီးတော့ အပြစ်ရဲ့အဓိပ္ပာယ်ကို သေသေချာချာ မသိကြတော့ အပြစ်မဟုတ်တာကိုလဲ အပြစ်လို့ ယူဆမိတတ်ကြတယ်။ အပြစ်ကိုလဲ အပြစ်မဟုတ်ဘူးလို့ ယူဆမိတတ်ကြတယ်။ ဒါကြောင့် အပြစ်ရဲ့အဓိပ္ပာယ်ကို သေသေချာချာ သိဖို့လိုပါတယ်။

အပြစ်ရဲ့ အမှန် သဘာဝကတော့ တစုံတယောက်ရဲ့ကိုယ်ကို ထိခိုက်ခြင်း၊ စိတ်ကို ထိခိုက်ခြင်း၊ စီးပွါးဥစ္စာ ဂုဏ်သိက္ခာ စသည်ကို ထိပါးနစ်နာခြင်းကို အပြစ်လို့ ယူဆကြပါတယ်။ ဒါကြောင့် တဦးဦးကို ထိပါး နစ်နာစေတဲ့အတွက် အပြစ်ရှိလို့ ဆိုးကျိုး ဆင်းရဲကျိုးပေးတဲ့ အလုပ်ဟာ မကောင်းမှု အကုသိုလ် အလုပ်ပါပဲ။ ဘယ်သူ့ကိုမှ မထိပါး မနစ်နာစေတဲ့အတွက် အပြစ်မရှိလို့



ကောင်းကျိုးပေးတဲ့ အလုပ်ဟာ ကောင်းမှုကုသိုလ်ပါပဲ။

## ခွဲခြားဖို့ လွယ်ကူသွားပါပြီ

ဒါကြောင့် ကောင်းမှုနဲ့ မကောင်းမှု၊ သုစရိုက်နဲ့ ဒုစရိုက်၊ ကုသိုလ်နဲ့ အကုသိုလ် ခွဲခြားတတ်သွားအောင် လိုက်ဆိုကြပါ။

**၁။ မည်သူ့ကိုမျှ မထိပါးမနစ်နာစေတဲ့အတွက် အပြစ်ကင်း၍ ကောင်းကျိုးချမ်းသာ ပေးတတ်သော အလုပ်အပြော အကြံ အတွေးသည် ကောင်းမှုကုသိုလ် သုစရိုက်။**

**၂။ တဦးဦးကို ထိပါး နစ်နာစေတဲ့အတွက် အပြစ်ရှိ၍ ဆိုးကျိုးဆင်းရဲကျိုးကို ပေးတတ်သောအလုပ်အပြောအကြံအတွေးသည် မကောင်းမှု အကုသိုလ် ဒုစရိုက်။**

### ဒုစရိုက် ၁၀ ပါး

**မကောင်းမှုအကုသိုလ် ဒုစရိုက်ကို မြတ်စွာဘုရားက ၁၀ မျိုးခွဲပြီး ဟောထားပါတယ်။**



**ကိုယ်နှင့် ပြုလုပ်တဲ့ ကာယဒုစရိုက် ၃ ပါး**
**နှုတ်နှင့် ပြောဆိုတဲ့ ဝစီဒုစရိုက် ၄ ပါး**
**စိတ်နှင့် ကြံတွေးတဲ့ မနောဒုစရိုက် ၃ ပါး**
**ပေါင်း ၁၀ ပါး။ အဲဒါကို ဒုစရိုက် ၁၀ ပါး လို့ ခေါ်ပါတယ်။**

### ကာယဒုစရိုက် ၃ ပါး

**၁။ သတ္တဝါ၏ အသက်ကို သတ်ခြင်း (ပါဏာတိပါတ)။**
**ညှဉ်းဆဲ နှိပ်စက်ခြင်းတို့ကိုပါ ယူသင့်သည်။**

**၂။ သူတပါးပစ္စည်းကို မတရားယူခြင်း (အဒိန္နာဒါန)။**
**မတရားယူခြင်းဆိုတာ ခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ ခါးပိုက်နှိုက်ယူခြင်း၊ မပေးဘဲ မနေနိုင်အောင်အကြပ်ကိုင်ယူခြင်း၊အရှိန်အဝါသုံးပြီး အဓမ္မယူခြင်း စသည်ဖြင့် ပိုင်ရှင်က ကြည်ကြည်ဖြူဖြူ မပေးတဲ့ပစ္စည်း**



**ကို ယူခြင်း အားလုံးဟာ မတရားယူခြင်း အဒိန္နာဒါန ချည်းပါပဲ။ ရှေးက ဘာသာပြန် အရဆိုရင် အခုပြောခဲ့တဲ့ ယူခြင်းအားလုံး ဟာ ခိုးတာထဲမှာ အကျုံးဝင်တယ်လို့ ယူဆရမှာပါပဲ။**

**၃။ ကာမဂုဏ်ကိစ္စတို့၌ ဖောက်ဖောက်ပြန်ပြန် မှောက်မှောက်မှားမှား ပြုကျင့်ခြင်း (ကာမေသုမိစ္ဆာစာရ)။**

### ဝစီဒုစရိုက် ၄ ပါး

**၁။ လိမ်ညာပြောခြင်း (မုသာဝါဒ)၊**
**၂။ ကုန်းချောကုန်းတိုက်ခြင်း (ပိသုဏာဝါစာ)၊**
**၃။ ကြမ်းတမ်းရိုင်းစိုင်းသော စကားကိုပြောခြင်း (ဖရုသဝါစာ)၊**
**၄။ အကျိုးမရှိ အနှစ်မပါသော စကားသိမ်စကားဖျင်းပြောခြင်း (သမ္ဖပ္ပလာပ)၊**

### မနောဒုစရိုက် ၃ ပါး

၁။ သူတပါးပစ္စည်းကို ရလိုသမှု ရေးရှုကြံစည်ခြင်း (အဘိဇ္ဈာ)၊
သူတပါးပစ္စည်းကို နှစ်သက်သဘောကျရုံမျှ ဖြစ်တဲ့စိတ်က လောဘ၊ ရဖို့ရာ အမျိုးမျိုး ကြံစည်တာက အဘိဇ္ဈာ။

၂။ သူတပါးကို ဖျက်ဆီးလိုတဲ့စိတ်၊ ပျက်စီးစေလိုတဲ့စိတ် (ဗျာပါဒ)၊
သူတပါးကို သတ်လိုဖြတ်လို ညှဉ်းဆဲ နှိပ်စက်လိုတဲ့ စိတ်၊ သူတပါးနာမည် ပျက်အောင်၊ ရုပ်ဆင်းအင်္ဂါပျက်အောင်၊ ဂုဏ်သိက္ခာကျအောင်၊ ရာထူးဌာနန္တရကျအောင် ပြုလုပ်လိုတဲ့ စိတ်များဟာ ဗျာပါဒချည်းပါပဲ။

၃။ အယူဝါဒ မှားယွင်းခြင်း (မိစ္ဆာဒိဋ္ဌိ)
အသိအမြင် အယူဝါဒမှားရင်၊ အထူးသဖြင့် ဘာသာ အယူဝါဒမှားရင် ပြောမှား ဆိုမှား အလုပ်မှား အကျင့်အကြံ မှားပေလိမ့်



မယ်၊ ဒီလိုဆိုရင် ဆိုးကျိုး ဆင်းရဲကျိုးကို ရမှာမုချပဲ။ အဲဒါ မကောင်းမှု ဒုစရိုက်တရား ၁၀ ပါးပါပဲ။ ဒီ ၁၀ ပါးလုံးကို ရှောင်ကြဉ်မှ အပြစ်ကင်းပြီး ကောင်းကျိုးရမှာပေ့ါ။ အဲဒီ မကောင်းမှုဒုစရိုက် မှန်သမျှကို ရှောင်ကြဉ်ရမယ်။ အဲဒီလို ရှောင်ကြဉ်နိုင်အောင် မကောင်းမှု ဒုစရိုက်တွေကို ပြုလုပ်ပြောဆို ကြံတွေးရမှာ ရှက်ရမယ် (ဟိရီ)၊ ကြောက်ရမယ် (ဩတ္တပ္ပ)၊

### ကောင်းမှုသုစရိုက် ၁၀ ပါး

အခုပြောခဲ့တဲ့ ဒုစရိုက် ၁၀ ပါးကို မပြု မပြော မကြံမတွေးဘဲ ရှောင်ကြဉ်ပြီး အပြစ်ကင်းတဲ့ အပြု အပြော အကြံအတွေးတွေကိုသာ ပြုလုပ်ပြောဆို ကြံတွေးရင် ကောင်းမှုသုစရိုက် ၁၀ ပါး ဖြစ်ပါတယ်။ ဒီ သုစရိုက် ၁၀ ပါးကိုလဲ ဒုစရိုက် ၁၀ ပါးလိုပဲ ကာယသုစရိုက် ၃ ပါး၊ ဝစီသုစရိုက် ၄ ပါး၊ မနောသုစရိုက် ၃ ပါးလို့ ခွဲခြားရပါတယ်။



### ကာယသုစရိုက် ၃ ပါး

၁။ သတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သတ္တဝါကို သနားကြင်နာ မေတ္တာထားခြင်း၊

၂။ သူတပါးပစ္စည်း မတရားယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကြည်ကြည်ဖြူဖြူပေးမှ ယူခြင်း၊

၃။ ကာမဂုဏ်တို့၌ ဖောက်ဖောက်ပြန်ပြန် ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မိမိ၏ တရားဝင် ဇနီး တရားဝင်ခင်ပွန်းနှင့်သာ ဆက်ဆံခြင်း၊

### ဝစီသုစရိုက် ၄ ပါး

၁။ လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊
ဟုတ်မှန်သော စကားကိုသာ ပြောဆိုခြင်း၊

၂။ ကုန်းချော ကုန်းတိုက်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူနှစ်ဦးတို့ ချစ်ခင်ညီညွတ်စေသော အစေ့အစပ်စကားကိုသာ ပြောခြင်း၊

၃။ ကြမ်းတမ်းရိုင်းစိုင်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ နူးညံ့ချိုသာ သာယာ



ကြည်မြ ကြားမဝသောစကားကို ပြောခြင်း၊

၄။ အနှစ်သာရမရှိသော စကားသိမ်စကားဖျင်း ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အနှစ်ပြည့်ဝ အကျိုးရသော စကားကိုသာ ပြောဆိုခြင်း၊

### မနောသုစရိုက် ၃ ပါး

၁။ သူတပါးပစ္စည်းကို ရလိုယူလိုစိတ် မရှိခြင်း၊ မိမိပစ္စည်းဖြင့်သာ တင်းတိမ်းရောင့်ရဲခြင်း၊

၂။ သူတပါးပျက်စီးအောင် ပြုလုပ်လိုစိတ်မရှိခြင်း၊ တိုးတက်ကြီးပွါးအောင် ကူညီလိုစိတ်သာ ရှိခြင်း၊

၃။ မှန်ကန်သော အယူဝါဒကို ယုံကြည် ယူဆခြင်း၊ ဒီ ၁၀ပါးက ကောင်းမှုကုသိုလ် သုစရိုက်တရား ၁၀ ပါးပါပဲ၊

### ဒုစရိုက်နှင့် သုစရိုက်

၁။ သက်သတ်ခိုးခြင်း၊ မှားယွင်းကာမ၊ ဤသုံးဝ၊ မှတ်ကြကာယကံ။

**၂။ မုသားကုန်းတိုက်၊ ရိုင်းမိုက် ကြမ်းညစ်၊**
**အနှစ်မပါ၊ ပြောဆိုတာ၊ လေးဖြာဝစီကံ။**
**၃။ သူ့ပစ္စည်းကို၊ ရလိုတွေးကြံ၊ သူပျက်ရန် ကို၊**
**ကြံစည်စဉ်းစား၊ အယူမှား၊ သုံးပါးမနောကံ။**
**၄။ ကိုယ်သုံး၊ နှုတ်လေး၊ စိတ်တွေးသုံးသာ၊**
**ဤဆယ်ဖြာ၊ မှတ်ပါဒုစရိုက်။**
**၅။ ဒုစရိုက် ဆယ်ပါး၊ ရှောင်ကြဉ်ငြား၊ ဆယ်ပါး**
**သုစရိုက်ကံ။**
**၆။ ဒုစရိုက်တရား၊ ပြုသူများ၊ လားရ ပါယ်**
**လေးတန်။**
**၇။ သုစရိုက်တရား၊ ပြုသူများ၊ လားရ နတ်**
**နိဗ္ဗာန်။**

### အားလုံးချမ်းသာ လိုကြရင်

လောကမှာ လူတိုင်း သတ္တဝါတိုင်း ဆိုးကျိုးဆင်းရဲကျိုးကို မရချင်ကြဘူး။ မဆင်းရဲချင်ကြဘူး။ ကောင်းကျိုးကိုသာ ရချင်ကြတယ်။ ချမ်းသာချင်ကြတယ်။



ချမ်းသာချင်ရင် မကောင်းမှု ဒုစရိုက်တွေကို ရှောင်ကြဉ်ရမယ်။ ကောင်းမှု သုစရိုက်တွေကိုသာ ပြုကြရမယ်။ ဒါမှ ကောင်းကျိုးရပြီး ချမ်းသာကြမယ်။ ဒီတော့ မကောင်းမှု ဒုစရိုက်တွေ ရှောင်ကြဉ်နိုင်အောင် ဘာလိုသလဲဆိုတော့ **ဟိရီဩတ္တပ္ပ** မကောင်းမှုပြုရမှာ ရှက်တတ်တဲ့စိတ်၊ ကြောက်တတ်တဲ့စိတ် ရှိဖို့လိုတယ်။ မကောင်းမှု ပြုရမှာ ရှက်ရင် မပြုဘူး၊ ရှောင်ကြဉ်တယ်။ မကောင်းမှု ပြုရမှာ ကြောက်ရင်လဲ မပြုဘူး၊ ရှောင်ကြဉ်တယ်။ ဒီလိုဆိုရင် ဆိုးကျိုး ဆင်းရဲကျိုး မခံစားရတဲ့အတွက် ချမ်းသာတယ်။

တလောကလုံးမှာရှိတဲ့ လူတွေဟာ ကြောင်းကျိုးသဘာဝကို သေသေချာချာ နားလည် သဘောပေါက်လို့ ကံ (အလုပ်) နှင့် ကံ၏အကျိုး (အလုပ်ကြောင့် ရတဲ့ အကျိုး)ကို ယုံကြည်ရင် မကောင်းမှုတွေကို ပြုရမှာ ရှက်ကြကြောက်ကြလို့ ရှောင်ကြဉ်ကြမှာပဲ။ အဲဒီလိုဆိုရင် လူတိုင်း ချမ်းသာကြမှာပေါ့။ ဒါကြောင့် မြတ်စွာဘုရားက အရှက် (ဟိရီ) နှင့်



အကြောက် (ဩတ္တပ္ပ)တို့ကို လောကပါလ= လောကကို ငြိမ်းချမ်းသာယာအောင် စောင့်ရှောက်တဲ့တရားများလို့ မိန့်ကြားတော်မူတာပါပဲ။ ဒါကြောင့် ဒီတရားနှစ်ပါးကို **သူတော်ကောင်းတို့ရဲ့ ဥစ္စာ** လို့လဲ မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

### သူတော်ကောင်း ဥစ္စာ ၇ ဖြာ

၁။ **သဒ္ဓါ** – ရတနာသုံးပါး၊ ကံတရားကို ယုံကြည်ခြင်း၊
၂။ **သတိ** – ကုသိုလ်ကောင်းမှုတွေကို သတိရခြင်း၊
၃။ **ဟိရီ**–မကောင်းမှု ပြုရမှာ ရှက်ခြင်း၊
၄။ **ဩတ္တပ္ပ**–မကောင်းမှုပြုရမှာ ကြောက်လန့်ခြင်း၊
၅။ **သုတ**–အပြစ်ကင်းသော အကြားအမြင် ဗဟုသုတ၊
၆။ **ဝီရိယ** – ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ခြင်း၊
၇။ **ပညာ** – အသိအလိမ္မာ ပညာ၊



ဒီ သူတော်ကောင်းဥစ္စာ ၇ ဖြာကို သူတော်ကောင်းတရား (သဒ္ဓမ္မ) ၇ ပါးလို့လဲ မိန့်ကြားပါတယ်။ ဒီ ၇ ပါးကို အရိယာဥစ္စာ ၇ ဖြာနှင့် မမှားမယွင်းရအောင်လဲ သတိထားဖို့ လိုပါတယ်။ **အရိယဥစ္စာ ၇ ဖြာ**ကတော့ –

**သဒ္ဓါဓနံ သီလဓနံ၊ ဟိရီဩတ္တပ္ပိယံ ဓနံ၊**
**သုတဓနဉ္စ စာဂေါ စ၊ ပညာဝေသတ္တမံဓနံ**

ဆိုတဲ့ ဂါထာအရ **သဒ္ဓါ**၊ **သီလ**၊ **ဟိရီ**၊ **ဩတ္တပ္ပ**၊ **သုတ**၊ **စာဂ**၊ **ပညာ** ၇ ပါးပါပဲ။ ဒီတော့ ဟိရီနှင့်ဩတ္တပ္ပ အရှက်နှင့် အကြောက်တရားနှစ်ပါးဟာ သူတော်ကောင်း ဥစ္စာစစ်စစ် ရတနာအနှစ် ဖြစ်လေတော့ မကောင်းမှုပြုရမှာ ရှက်တဲ့စိတ် ကြောက်တဲ့စိတ် ရှိနေတဲ့ သူတော်ကောင်းဟာ မကောင်းမှုကို မပြုတော့တဲ့အတွက် ကောင်းကျိုးချမ်းသာကိုပဲ ရနေမှာပါ။ ဒီ ဟိရီနှင့် ဩတ္တပ္ပ တရားနှစ်ပါးကို မြတ်စွာဘုရားက **သုက္ကာဓမ္မာ**= ဖြူစင်သော တရားများလို့ မိန့်ကြားတော် မူပါ

တယ်။ ဖြူစင်သော တရားဆိုတာ အပြစ်ကင်းသော တရားများ၊ ကုသိုလ်တရားများလို့ ဆိုလိုပါတယ်။ သူရဲ့ဆန့်ကျင်ဘက် **ကဏှာ ဓမ္မာ**= ညစ်မဲသောတရားများ ဆိုတာကတော့ အပြစ် မကင်းတဲ့ တရား၊ မကောင်းမှု အကုသိုလ်တရား တွေလို့ ဆိုလိုပါတယ်။

ဒီတော့ ဖြူစင်တဲ့တရား ဟိရီနှင့်ဩတ္တပ္ပ နှစ်ပါးဟာ ညစ်မဲတဲ့စိတ်တွေ ပြည့်နေတဲ့ သူယုတ်မာရဲ့ သန္တာန်မှာ ရှိနိုင်ပါ့မလား(မရှိနိုင်ပါဘုရား)။ အဲဒီတော့ အရှက်အကြောက်တရားရှိရင် သူတော်ကောင်း၊ အရှက်အကြောက်တရားမရှိရင် သူယုတ်မာလို့ မခွဲခြားနိုင်ပေဘူးလား။ (ခွဲခြားနိုင်ပါတယ်ဘုရား)။

## အရှက်အကြောက်ရှိရင် သီလလုံခြုံတယ်

မြတ်စွာဘုရားက အရှက်အကြောက် ဟိရီနှင့် ဩတ္တပ္ပတရားရှိမှ သီလလုံခြုံကြောင်း မိန့်



ကြားတော်မူပါတယ်။ မှန်ပါတယ်၊ အပြစ်မကင်းတဲ့အမှု ပြုရမှာရှက်လို့ ကြောက်လို့ မပြုဘဲ ရှောင်ကြဉ်ပြီဆိုတော့ သီလ လုံခြုံပြီပေါ့။ အဲဒီတော့ ကိုယ်ကျင့် သီလစင်ကြယ်ပြီပေါ့။ **ကိုယ်ကျင့်သီလ**ဆိုတာ ကာယကံ ကိုယ်အပြုအမူ၊ ဝစီကံ နှုတ်အပြောအဆိုကို စောင့်စည်း ထိန်းသိမ်းတာပါပဲ။ အဲဒီလို ကာယကံနဲ့ ဝစီကံကို ဖြူစင်အောင် စောင့်စည်း ထိန်းသိမ်း သူဟာ သူရဲ့ စိတ်ဓာတ် မနောကံကပါ အထိုက်အလျောက် ဖြူစင်နေလို့ ကိုယ်ကျင့်တရား စင်ကြယ်အောင် စောင့်စည်း ထိန်းသိမ်းနိုင်တာပါပဲ။ ဒီလို ပုဂ္ဂိုလ်မျိုးကတော့ အများလေးစား ချစ်ခင်ရတဲ့ ပုဂ္ဂိုလ်မျိုးပဲ။ အဲဒါဟာ လိုရင်းကတော့ အရှက်အကြောက် တရားနှစ်ပါး ရှိလို့ပါပဲ။ ဒီလိုပုဂ္ဂိုလ်မျိုးကို သူ တော်စင် သူတော်ကောင်းလို့ ခေါ်ရပါတယ်။



## စိတ်ထားဖြူစင် သူတော်စင်

**စိတ်ထားဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။**
**ကိုယ်ကျင့်ဖြူစင်၊ သူတော်စင်၊ အစဉ်ချမ်းသာသည်။**
**စိတ်ထားလည်းဖြူ၊ ကိုယ်ကျင့်ဖြူ၊ နတ်လူချစ်ခင်သည်။**
**ဖြူစင်စိတ်ဓာတ်၊ သူတော်မြတ်၊ ရောက်လတ်နိဗ္ဗာန်ပြည်။**

## အရှိအတိုင်း ကြည့်ဖို့လိုသည်

မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း ဟိရီ ဩတ္တပ္ပတရား နှစ်ပါးရှိရင်ပဲ အပြစ်မကင်းတဲ့ အမှုတွေကို မကြံတွေး မပြောဆို မပြုလုပ်တော့ဘူးဆိုတော့ ဒီပုဂ္ဂိုလ်ရဲ့ ကိုယ် နှုတ် စိတ် သုံးပါးလုံးဟာ အပြစ်ကင်းပြီး ဖြူစင်နေတယ်။ ဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးကို အရှုးနှင့် အမူးသမားမှ တပါးလူတိုင်း ချစ်ခင်လေးစားကြတယ်။ သို့သော်လဲ အရှိအတိုင်း အမှန်အတိုင်း မကြည့်မမြင်ဘဲ မျက်မှန်စိမ်း တပ်ပြီး ကြည့်တဲ့လူတွေ ရဲ့ အမြင်မှာတော့ သူတော်စင်ကိုလဲ တမျိုးတမည် မြင်ကောင်းမြင်မှာပေါ့။ ဒါကတော့ ချွင်းချက်ပဲ။



## မတော်တာလဲ ရှက်ဖို့လိုတယ်

ရှက်တယ်၊ ကြောက်တယ်ဆိုတာ မကောင်းမှု အကုသိုလ်ကိုသာ ရှက်ရံ ကြောက်ရံနဲ့ မပြည့်စုံသေးဘူး။ မကောင်းမှု အကုသိုလ်ပင် မဟုတ်သော်လဲ လောကအနေနဲ့ မသင့်မတော် မလျော်တဲ့ အပြောအဆို အပြုအမူ အလုပ်အကိုင်တွေကို ပြောဆိုပြုလုပ်ရမှာ ရှက်ဖို့ ကြောက်ဖို့လဲ လိုပါတယ်။ ဥပမာ–လူအများသွားနေတဲ့ လမ်းပေါ်မှာ အပေါ့အလေးသွားမယ် ဆိုရင် ဒါဟာ မကောင်းမှု အကုသိုလ်တော့ မဟုတ်ပါဘူး။ သို့သော် မသင့်မတော် မလျော်တဲ့ အတွက် အဲဒီအမှုကို ပြုရမှာ ရှက်ဖို့ ကြောက်ဖို့ လိုပါတယ်။ ထို့အတူပဲ အနေအထိုင် အသွားအလာ အဝတ်အစား စသည်တို့မှာလဲ မသင့်လျော်တဲ့ အနေအထိုင် အသွားအလာ အဝတ်အစားတို့ကို ပြုလုပ်သွားလာ ဝတ်ဆင်ရမှာ ရှက်ဖို့ လိုပါတယ်။ အရှက်မရှိဘဲ အဲဒါတွေကို ပြုလုပ်ရင်တော့ လူအများရဲ့ အပြစ်တင် အထင်သေးမှု၊ ရှုံ့ရှာစက် ဆုပ်မှုတွေကို ခံရမှာ သေချာပါတယ်။

## ကိုရီးယားမှာ ဒဏ်တပ်သတဲ့

ဒီနေ့ ဂျာနယ် လှူနေကျ အလှူရှင်က ဂျာနယ်တွေ လာလှူလို့ ဖတ်ကြည့်လိုက်တော့ **ပြည်မြန်မာ** ဂျာနယ်မှာ တောင်ကိုရီးယားနိုင်ငံက သတင်းတပုဒ် ဖတ်မိလိုက်တယ်။ သတင်း ကတော့ ကိုရီးယားမှာ စကတ်အတိုဝတ်တဲ့ အမျိုးသမီးတွေကို ဒဏ်တပ်ဖို့ ဥပဒေထုတ်လိုက်ပြီတဲ့။စကတ်အတို ဝတ်ရင် ကိုရီးယားဝမ် ငါးသောင်း ဒဏ်တပ်မယ်တဲ့။ ဥပဒေ ထုတ်တဲ့ပုဂ္ဂိုလ်က အမျိုးသမီးသမ္မတပါ။ ရှေးက ထင်ရှားခဲ့တဲ့ သမ္မတကြီး ဆစ်ဂမန့်ရီးရဲ့ သမီးက အခုသမ္မတဖြစ်နေတာပါ။ သမ္မတက အမျိုးသမီးပင် ဖြစ်ပေတဲ့ အမျိုးသမီးချင်းတောင် မကြည့်ဝံ့ မမြင်ဝံ့အောင် ဝတ်စားနေကြတယ် ထင်ပါရဲ့။ဒါကြောင့် ပညာပေးလို့ မရတဲ့အတွက် ဥပဒေထုတ်လိုက်ရပုံ ပေါ်တယ်။

မြန်မာပြည်မှာလဲ အနောက်တိုင်း ယဉ်ကျေးမှုကို အတုလိုက်ပြီး အမျိုးသမီးတွေ ဝတ်စားဆင်



ယင်မှုမှာ တော်တော် အတင့်ရဲနေကြပြီလို့ သိရတယ်။ မြန်မာတို့ရဲ့ ဗုဒ္ဓဘာသာယဉ်ကျေးမှု တဖြည်းဖြည်း ပျောက်သွားမှာ စိုးရတယ်။ **ဟိရီဩတ္တပ္ပ** အရှက်အကြောက် မရှိကြရင်တော့ မြန်မာ့ယဉ်ကျေးမှုရဲ့ အနာဂတ်ဟာ ရင်လေးစရာပါပဲ။

ဒါကြောင့် မကောင်းမှု အကုသိုလ်မဟုတ်သော်လဲ မတော်တဲ့အလုပ် မလျော်တဲ့အလုပ်ကို ရှက်တတ် ကြောက်တတ်ကြဖို့ လိုပါတယ်။ မလျော်တဲ့ အလုပ်ကို ပြုလုပ်ရမှာ ရှက်တဲ့ ဟိရီ တရားဟာ လူမှာသာ မဟုတ်ဘဲ တိရစ္ဆာန်မှာလဲ ရှိဖို့လိုအပ်ကြောင်း မီးမောင်း ထိုးပြထားတဲ့ ဇာတ်တော်တခုကို တွေ့ရပါတယ်။ ငါးရာ့ငါးဆယ် ဇာတ်တော်တွေဟာ မြတ်စွာဘုရားရဲ့ ဘုရားလောင်းဘဝ ဖြစ်စဉ်တွေပါ။

## နစ္စဇာတ်တော်

ရှေးက မြတ်စွာဘုရား ဘဝတခုမှာ ရွှေဟင်္သာမင်း ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီအချိန်





ပြင်ဦးလွင် ကန်တော်ကြီးမှ ဟင်္သာ

က တော်တော်ရှေးကျတဲ့ အချိန်ဖြစ်လို့ ခြေလေးချောင်း တိရစ္ဆာန်တွေကို ခြင်္သေ့က မင်းလုပ် အုပ်ချုပ်ပါတယ်။ ငါးသတ္တဝါတွေကို အာနန္ဒာငါးကြီးက အုပ်ချုပ်ပါတယ်။ ငှက်တွေကိုတော့ အင်မတန်လှပခန့်ညားတဲ့ ရွှေဟင်္သာမင်းက မင်းလုပ် အုပ်ချုပ်တယ်လို့ သိရပါတယ်။ ရွှေဟင်္သာမင်းမှာ



အင်မတန်လှပတဲ့ သမီး ဟင်္သာမလေးရှိပါတယ်။ ဟင်္သာမလေး အချိန်တန် အရွယ်ရောက်တော့ သူနှစ်သက်သူ တဦးဦးနှင့် လက်ထပ်ပေးဖို့ရာ ရွှေဟင်္သာမင်းက အစီအစဉ် လုပ်ပါတယ်။ သူက ငှက်တွေ အားလုံးကို အင်မတန်ကြီးမားတဲ့ ကျောက် ဖျာကြီးတချပ်ပေါ်မှာ လာပြီး စုဝေးစေပါတယ်။

ကျောက်ဖျာကြီးပေါ် ငှက်မျိုးစုံစုဝေးမိတော့ သူ့သမီး ဟင်္သာမလေးကိုခေါ်ပြီး " ကဲ သမီးရေ၊ သမီးနှစ်သက်တဲ့ ငှက်ကို သမီးရဲ့ ကြင်ယာအဖြစ် ရွေးပေတော့ "လို့ ပြောပြီး သမီးတော်ရဲ့ ကြင်ယာ ရွေးပွဲကြီး ကျင်းပသတဲ့။ အဲဒီ ပွဲကြီးမှာ အလှဆုံး ငှက်က ဥဒေါင်းကြီးတဲ့။ ဒါကြောင့် ဟင်္သာမလေး ကလဲ ဥဒေါင်းကြီးကို မျက်စိကျပြီး ကြင်ယာ အဖြစ်ရွေးကြောင်း ဖခင် ရွှေဟင်္သာမင်းကြီးကို လျှောက်ထားလိုက်သတဲ့။

ပြီးတော့ ဟင်္သာမင်းကြီးက ဥဒေါင်းကြီးကို သမီးတော်က ကြင်ယာအဖြစ် ရွေးလိုက်ကြောင်း

ကြေညာလိုက်သတဲ့။ အဲဒီတင် ငှက်တွေကအကြီး အကျယ် သြဘာပေးပြီး ဥဒေါင်းကြီးကို ဝိုင်းပြီး ကွန်ဂရက်ကျူလေးရှင်း လုပ်ကြသတဲ့။ ဒီတော့ ဒေါင်းကြီးဟာ သိပ်ဝမ်းသာသွားပြီး ဝမ်းသာတဲ့ စိတ်မထိန်းနိုင်ဘဲ ငှက်တွေရဲ့အလယ်မှာ အတောင်တွေဖြန့် အမြီးကိုထောင် ဝိုင်းနေအောင် ဖြန့်လိုက်ပြီး လှည့်ပတ် ကလိုက်သတဲ့။ ဒေါင်းကြီး အမြီး ထောင်ဖြန့်ပြီး တငြိမ့်ငြိမ့်နဲ့ ကနေတာကို ကြည့်မိတော့ ရွှေဟသာ်မင်းကြီးက **ယိုသူမရှက် မြင်သူရှက်** ဆိုတဲ့အတိုင်း မျက်နှာကို အတောင်နဲ့ အုပ်ထားလိုက်သတဲ့။ ဘာကြောင့်လဲ ဆိုတော့ ဥဒေါင်းကြီး အရှက်မရှိဘဲ မတော်တာဖေါ်ကာ လော်မာစွာ ကနေတာကို မကြည့်ဝံ့လို့တဲ့။ ငှက် ပင်ဖြစ်သော်လဲ မတော်တာ မပြုလုပ် မိအောင် အရှက်ရှိဖို့ လိုတယ်လို့ ဆိုရမှာပါပဲ။

ရွှေဟသာ်မင်းကြီးက ချက်ချင်းပဲ ဥဒေါင်းကြီးကို ပြောလိုက်သတဲ့။ “ဥဒေါင်းကြီး၊ သင်ရဲ့



လည်တိုင်ကြော့ကြော့ဟာ အမောက်ကော့ကော့နဲ့ အင်မတန် လိုက်ဖက်ပါတယ်။ ကိုယ်လုံးကိုယ် ထည်လဲ ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ အချိုးကျလှပါတယ်။ သင်ရဲ့ အမွေးအတောင်တွေကလဲ စိမ်းစိုရောင် ထပြီး လှပပါပေတယ်။ အမြီးကလဲ ယပ်တောင် ပမာ ဝန်းဝိုင်းလှပ တင့်တယ် လှပါပေတယ်။ သင်ရဲ့ ရုပ်ဆင်း သဏ္ဍာန်ဟာ ဘာမျှမလိုရအောင် ပြည့်စုံလှပါတယ်။ သို့သော်လဲ သင့်မှာ **အလိုအပ်ဆုံးဖြစ်တဲ့ အရှက်တရား** မရှိဘူး၊ ဒါကြောင့် ငါ့ရဲ့ သမီးတော်နဲ့ မပေးစားနိုင်ဘူး” လို့ အဆုံး အဖြတ် ပေးလိုက်သတဲ့။ ဒီတော့ ငှက်ပရိသတ်တွေလဲ ဟင်... ဟာ... လို့ အော်ကြပြီး အံ့အားသင့်ကုန် ကြတယ်။ ဒေါင်းကြီးကတော့ ရှက်လွန်းလို့ ခေါင်းငုံ့အတောင်ရောအမြီးရောကုတ်ပြီး ပရိသတ် ထဲက ထွက်ပြေးသတဲ့။

မတော်တာ ဖော်ဖို့ မရှက်တဲ့အတွက် ကြင်ယာလောင်း အချောအလှနဲ့ လွဲသွားရတာပါပဲ။



ဆိုတော့ လောက်လောက်လားလား သားတော်ကြီး နှစ်ယောက်ကို ကျော်ပြီးတော့ အငယ်ဆုံးသားကို ထီးမွေနန်းမွေ ဆက်ခံစေရင် မှူးမတ်များရော တိုင်းသားပြည်သူများပါ ကျေနပ်ကြမည် မဟုတ်၊ ထီးရိုးနန်းစဉ်လဲ မဝင်၊ အစဉ်အလာလဲ မကျ၊ သဘာဝလဲမဟုတ်၊ ဒီလိုလုပ်လို့ဖြင့် မတော်၊ ဥပါယ်တံမျဉ်ကို ပြုလုပ်မှတော်မည်လို့ စဉ်းစား ပြီး မိဖုရားကို ဆုံးဖြတ်ချက်စကား မမိန့်ကြားဘဲ ဆိတ်ဆိတ်နေ လိုက်တယ်။

အတော်ကြာတော့မှ သားတော်ကြီး နှစ်ယောက်ကိုခေါ်ကာ အကျိုးအကြောင်း ရှင်းပြပြီး အန္တရာယ်ရှိတဲ့အတွက် အခိုက်အတန့် နန်းတော်မှ ခွါပြီး တောအရပ်မှာ လျှော်သလို နေကြဖို့၊ မင်းကြီးနတ်ရွာစံမှ ပြန်လာပြီး ထီနန်း အုပ်ချုပ်မင်းလုပ်ကြဖို့ တိုးတိုးတိတ်တိတ် သွန်သင် ညွှန်ကြား အမိန့်တော် ထားလိုက်တယ်။

သားတော်ကြီး နှစ်ယောက်လဲ ခမည်းတော်မင်းကြီးရဲ့ အမိန့်အတိုင်း တောကို သွားဖို့ရာ ပြင်



ဆင်ကြတယ်။ ပြင်ကြ ဆင်ကြတာကို သူရိယ ကုမာရ မင်းသားသိတော့ အကိုတွေနှင့် ခွဲမနေနိုင် ပါ၊ သူပါ တောကို လိုက်မယ်လို့ ပြောတဲ့အတွက် သူ့ကိုပါခေါ်ပြီး ညီနောင်သုံးယောက်လုံး တောထဲ ကို ထွက်သွားကြတယ်။

တောထဲမှာ ခရီးအတော်ကြာ သွားမိကြ တော့ ခရီးလဲပန်း ရေလဲ ဆာလာကြတယ်။ အတော်ကလေး ဆက်သွားမိတော့ ကြာမျိုးငါးပါး နှင့် သာယာလှပ ကြည်လင်အေးမြလှတဲ့ ရေအိုင်ကြီး တအိုင်ကို တွေ့ကြရတယ်။

အကိုကြီးက သူရိယကုမာရကို ရေကြည် သောက်ပြီးရေခပ်ခဲ့ဖို့ အိုင်ဆီကိုလွှတ်လိုက်တယ်။ သူရိယကုမာရက ရေအိုင်ကို ရောက်တော့ ရေ ဆာဆာနဲ့ ဘာကိုမှစဉ်းစားမနေဘဲ ရေအိုင်ထဲ ဆင်းလိုက်တယ်။ ချက်ချင်းဘဲ ဘီလူးတယောက် ပေါ်လာပြီး သူ့ကို ဖမ်းလိုက်တယ်။

ဒါလောက် ရုပ်ဆင်းအင်္ဂါ ပြည့်စုံတဲ့ ဥဒေါင်းကို ရွှေဟသာမင်းက ရွံရှာ စက်ဆုပ် နှင်ထုတ်လိုက်တာဟာ အရေးကြီးတဲ့ အရှက်တရား မရှိလို့ပါပဲ။ ဒါကြောင့် မကောင်းမှု ပြုလုပ်ရမှာ၊ မတော်တာ ပြုလုပ်ရမှာ ရှက်ဖို့ရာ အလွန် အရေးကြီးလှပါတယ်။ မြင်သူတွေ မရှက်ရအောင် ယိုသူတွေကိုယ်တိုင်က ကိုယ့်ကိုယ်ကို သိပြီး အရှက်ရှိကြမှ လောကကြီး တင့်တယ်ပါလိမ့်မယ်။

## ဒေဝဓမ္မဆိုတာ သိသလား

မြတ်စွာဘုရားက **ဟိရီ** နှင့် **ဩတ္တပ္ပ** အရှက်နှင့် အကြောက်တရားကို **လောကပါလ** – လောကစောင့်တရားနှစ်ပါးလို့ မိန့်ကြားတော်မူရုံသာ မဟုတ်၊ **ဒေဝဓမ္မ** တရား နှစ်ပါးလို့လဲ မိန့်ကြားတော်မူ ပါတယ်။ ဒီ **ဒေဝဓမ္မ** အကြောင်းကိုလဲ ဝတ္ထုသာခကနှင့် ဟောပြတော်မူပါတယ်။

ရှေးက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းကြီးရဲ့ မိဖုရားကြီးက သားတော်နှစ်ပါး ဖွားမြင်တယ်။



အကြီးက မဟိသာသကုမာရ၊ အငယ်က စန္ဒကုမာရတဲ့။ သားတော်အငယ် ဖွားပြီးတော့ မကြာမီဘဲ မိဖုရားကြီး နတ်ရွာစံသွားတယ်။ ဘုရင်ကြီးက မိဖုရားမရှိရင် မတင့်တယ်တဲ့အတွက် သင့်တော်တဲ့ အမျိုးသမီးငယ် တယောက်ကို တော်ကောက်ပြီး မိဖုရားမြှောက်လိုက်တယ်။ ဒီမိဖုရားကို မင်းကြီးက အလွန် ချစ်မြတ်နိုးတော်မူတယ်။ မိဖုရားက မကြာမီ သားတော်တယောက် ဖွားမြင်တော့ မင်းကြီးက မိဖုရားကို လိုရာဆုတောင်းလို့ ဆုပေးတယ်။ မိဖုရားက "ဆုယူပြီးသားလို့ မှတ်တော်မူပါ။ အလိုရှိတဲ့အခါ လိုတဲ့ဆုကို ပြောပါမည်"လို့ မင်းကြီးကို လျှောက်ထားလိုက်တယ်။ သားကလေးကိုတော့ သူရိယကုမာရလို့ နာမည်ပေးလိုက်ကြတယ်။

သူရိယကုမာရ အရွယ်ရောက်လာတော့ မိဖုရားက ဆုအဖြစ် သူ့သားကို ထီးမွေနန်းမွေ ပေးစေလိုကြောင်း မင်းကြီးကို လျှောက်ထားတယ်။ မင်းကြီး အခက်တွေ့သွားတယ်။ ဘာကြောင့်လဲ



ဘီလူးက ဒီရေအိုင်ကို ဝဿဝဏ်နတ်မင်းကြီးက သူ့ကို အပိုင်စားပေးထားကြောင်း၊ ရေအိုင်ထဲဆင်းတဲ့လူကို စားဖို့ အမိန့်ပေးထားကြောင်း၊ သူကတော့ ချက်ချင်း မစားသေးဘဲ ဒေဝဓမ္မကို သိချင်လို့ ဒေဝဓမ္မကို သိ မသိ မေးပြီးမှ သိတဲ့ လူကို လွှတ်လိုက်ကြောင်း၊ မသိတဲ့လူကိုတော့ စားပစ်ကြောင်း ပြောပြတယ်။ ပြီးတော့ ဘီလူးက သူရိယကုမာရကို "သင် ဒေဝဓမ္မကို သိသလားလို့" မေးတော့ မင်းသားက "ဒေဝဓမ္မဆိုတာ နေနှင့် လဘဲ" လို့ ဖြေလိုက် တယ်။ ဘီလူးက "သင် ဒေဝဓမ္မကို မသိဘူး"လို့ ပြောပြီး မင်းသားကို သူနေတဲ့ နေရာမှာ ဝှက်ထားလိုက်တယ်။

ညီကို မျှော်နေတဲ့ အကိုကြီးက အချိန်ကြာနေလို့ တစုံတခုတော့ ဖြစ်ပြီလို့ စဉ်းစားမိပြီး စန္ဒကုမာရကို သူရိယကုမာရထံလွှတ်လိုက် ပြန်တယ်။ စန္ဒကုမာရလဲ ဘီလူးနှင့်တွေ့ပြီး ဒေဝဓမ္မကို မေးတော့ "ဒေဝဓမ္မဆိုတာ အရပ် လေးမျက်နှာဘဲ"



လို့ ဖြေလိုက်တယ်။ သူ့ကိုလဲ ဘီလူးက ဖမ်းပြီ သူ့နေရာမှာ ဝှက်ထားလိုက် ပြန်တယ်။

အကိုဖြစ်တဲ့ မင်းသားက ညီနှစ်ယောက်လုံးပြန်မလာတော့ သူကိုယ်တိုင် ရေအိုင်ကိုလိုက်သွားပြီး ရေအိုင်ရဲ့ အခြေအနေကို သေသေချာချာကြည့်တယ်။ ကြည့်တော့ အလွန်ကြည်လင်အေးမြတဲ့ ဒီရေအိုင်မှာ လူတွေ ဆင်းတဲ့ခြေရာကိုပဲ တွေ့ရတယ်။ တက်တဲ့ခြေရာ မတွေ့ရဘူး။ ဒါကြောင့် ရေအိုင်ကို သံသယ ဖြစ်နေတယ်။ အဲဒီအခိုက်မှာ ခရီးသွားတယောက် ရုတ်တရက် ရောက်လာပြီး "မိတ်ဆွေ၊ ရေအိုင်က တယ်ပြီး ကြည်လင်အေးမြတာပဲ၊ သင်လဲ ခရီးပန်းလာပုံရတယ်၊ ရေအိုင်ထဲဆင်းပြီး ရေချိုးလိုက် ရေသောက်လိုက်ရင် အပန်းပြေသွားမှာပေါ့" လို့ ပြောသတဲ့။ ဒီတော့ ရုတ်တရက် ရောက်လာတဲ့ ဒီခရီးသွားရဲ့ ပြောပုံဆိုပုံနှင့် ရေအိုင်ထဲမှာ အဆင်းခြေရာသာ တွေ့ရတာကို ဆက်စပ်ကြည့်မိပြီး ဒီလူကိုမသင်္ကာ

တာနှင့် သေသေချာချာ ကြည့်လိုက်တော့ နဖူးမောက် နှာခေါင်းတို ဖနှောင့်တိုပြီး မျက်တောင်မခတ်တာ တွေ့လိုက်ရတဲ့အတွက် ဒီလူဟာ လူသားမဟုတ် ဘီလူး စစ်စစ်ပဲလို့ သိလိုက်တယ်။ ဒါနှင့်သန်လျက်အိမ်က သန်လျက်ကို ဆွဲထုတ်တင်းတင်းဆုပ်ကိုင်ပြီး

"သင်ဟာ ငါ့ညီနှစ်ယောက်ကို ဖမ်းထားတဲ့ ဘီလူးစုတ်ပဲ၊ ငါ့ညီနှစ်ယောက်ကို အခုချက်ချင်း ထုတ်ပေး၊ မပေးရင် ငါ့သန်လျက်ဖျားမှာ သင့်အသက်ပါသွားမယ်" လို့ ကြိမ်းလိုက်တယ်။ ဘီလူးက ဆတ်ဆတ်တုန်အောင် ကြောက်သွားတာနှင့် အဖြစ်အပျက်ကို ရှင်းပြပြီးတော့ မင်းသားငယ်နှစ်ယောက်ကို ပြန်ပေးမည့်အကြောင်း ဝန်ချတောင်းပန်လိုက်တယ်။ ပြီးတော့ **ဒေဝဓမ္မ** ရဲ့ အဓိပ္ပါယ်ကို ရှင်းပြဖို့ မင်းသားကို တောင်းပန်တယ်။

မင်းသားက **ဒေဝဓမ္မ** ဆိုတာ အလွန်မြင့်မြတ်တဲ့ တရားဖြစ်လို့ သူ့ကိုယ်က ချွေးတွေနှင့်



ညစ်ပတ်နေပြီး မသန့်ရှင်းတဲ့အတွက် ဒေဝဓမ္မကို ရှင်းပြဖို့ မသင့်တော်ကြောင်း၊ သူ့ကိုယ်ကို သန့်ရှင်းအောင် ရေမိုးချိုးပြီးမှ ရှင်းပြနိုင်မည် ဖြစ်ကြောင်းပြောပြတယ်။ ဒီတော့ ဘီလူးက မင်းသားကို အိုင်ထဲဆင်းရေချိုးစေတယ်၊ အစားအသောက်ကျွေးပြီး ကြာစွယ်ကြာပန်းတွေ ဆင်မြန်းပေးလိုက်တယ်။ ဒီတော့မှ မင်းသားက ဘီလူးကို အောက်အနိမ့်မှာ အထိုင်ခိုင်းပြီး တရားဟောမည့်သူကိုယ်တိုင်က အမြင့်ပေါ်မှာထိုင်လိုက်တယ်။

ထိုင်ပြီးမှ **ဒေဝဓမ္မ**ကို ဒီလို ရှင်းပြတယ်။ "အသင် ဘီလူး၊ သေသေချာချာ နားထောင်ပါ၊ ဖြူစင်တဲ့ ကုသိုလ်တရားတွေနှင့် ပြည့်စုံတဲ့ သူတော်ကောင်းတို့ရဲ့ သန္တာန်မှာရှိတဲ့ မကောင်းမှုပြုရမှာရှက်တဲ့စိတ်နှင့် ကြောက်တဲ့စိတ်ကို **ဒေဝဓမ္မ** –နတ်တို့၏တရား၊ နတ်ဖြစ်ကြောင်း တရားလို့ခေါ်တယ်။ အဲဒီ ရှက်စိတ် ကြောက်စိတ်ရှိတဲ့ သူတော်ကောင်းကိုလဲ **ဒေဝဓမ္မ** လို့ခေါ်တယ်" လို့ ရှင်းပြလိုက်တယ်။



မဟိသာသမင်းသား **ဒေဝဓမ္မ** ကို ရှင်းပြဟောကြားပြီးတော့ ဘီလူးက အလွန်သဘောကျကြည်ညိုသွားပြီး မင်းသားကို "သင်၏ ညီနှစ်ယောက် အနက် ဘယ်သူ့ကို လွှတ်ပေး ရမည်လဲ" ဘီလူးက မေးတော့ မင်းသားက အငယ်ဖြစ်တဲ့ သူရိယကုမာရကို လွှတ်ပေးဖို့ ပြောတယ်။ ဒီတော့ဘီလူးက "သင်မင်းသားဟာ ဒေဝဓမ္မကို သိသာသိတယ်၊ လက်တွေ့ မကျင့်သုံးဘူး၊ သင့်မှာ **ဇေဋ္ဌာပစာယန** = ကြီး သူကို ပူဇော်ခြင်း ဆိုတဲ့ ကျင့်ဝတ် ချွတ်ယွင်း နေတယ်" လို့ ပြောပြတယ်။ မင်းသားက "ညီငယ် သူရိယကုမာရကို ထိန်းနန်း လွှဲအပ်ဖို့ သူ့မိခင်က တောင်းဆိုတာကို ပေးဖို့ မသင့်တဲ့အတွက် ခမည်းတော်မင်းကြီးက ပရိယာယ်နှင့် ဒို့ကို အခိုက်အတန့် တောထဲသွားနေဖို့ လွှတ်လိုက်တာပါ၊ ခမည်းတော် နတ်ရွာစံလို့ ဒို့ဗာရာဏသီ ပြန်သွားတဲ့အခါ သူရိယကုမာရကို ဘီလူးစားလိုက်ပြီလို့ပြောရင် ဘယ်



သူမှ ယုံကြည်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် သူ့ကို လွှတ်ဖို့ ငါပြောတာ၊ ငါဟာ **ဒေဝဓမ္မ** ကို သိလဲ သိ ကျင့်လဲကျင့်တဲ့သူပါ" လို့ ရှင်းပြလိုက်တော့ ဘီလူး အလွန် သဘောကျ ကျေနပ်သွားပြီး မင်းသားနှစ်ယောက်ကို သူဝှက်ထားတဲ့ နေရာက ခေါ်လာပြီးတော့ အကိုကြီးဖြစ်တဲ့ မင်းသားထံ အပ်နှံလိုက်တယ်။

ဒီတော့ အကိုကြီးမင်းသားက ဘီလူးကို "အသင် ဘီလူး၊ သင်ဟာ ရှေးဘဝတွေမှာ ပြုခဲ့တဲ့ **ပါဏာတိပါတကံ** တွေကြောင့် အခုဘဝမှာ ဘီလူးဖြစ်နေရတယ်။ အခု ဘဝမှာလဲ လူတွေကို သတ်စားနေပြန်တယ်။ ဒီအတိုင်းသာ ဆိုရင် နောက်ဘဝမှာလဲ ဘီလူးပဲ ဖြစ်နေဦးမှာပဲ၊ ဘီလူးဘဝမှ ကျွတ်နိုင်မှာ မဟုတ်ဘူး။ သင် သူတပါး အသက်ကို မသတ်မှဘဲ ဘီလူးဘဝက လွတ်နိုင်မှာပါ။ **ပါဏာတိပါတ** ဒုစရိုက်ကို ပြုရတာ ရှက်ဖို့လဲကောင်းပါတယ်၊ ကြောက်ဖို့လဲကောင်း

ပါတယ်”လို့ ရှင်းလင်း ပြောပြတော့ ဘီလူး သဘောကျသွားလို့ ဒုစရိုက်တရား မပြုတော့ဘဲ တောထဲမှာ မင်းသားသုံးယောက်ကို စောင့်ရှောက် ရင်း နေသွားသတဲ့။ မင်းသားများလဲ ချမ်းချမ်း သာသာ နေရသတဲ့။

နောက် များမကြာမီဘဲ ခမည်းတော် ဘုရင် ကြီး နတ်ရွာစံတဲ့ သတင်းကို ကြားရလို့ မင်းသား တွေ ဗာရာဏသီကို ပြန်ကြတော့ ဘီလူးကိုလဲ သူတို့နှင့် အတူ ခေါ်သွားကြတယ်။ ဗာရာဏသီ ကို ပြန်ရောက်တော့ သင့်တော်ရာနေရာမှာ သပ်သပ်ရပ်ရပ် အဆောက်အအုံကလေး ဆောက် ပြီးတော့ ဘီလူးကို ထားကြတယ်။ ဘီလူးအတွက် အစားအသောက် ပြည့်ပြည့်စုံစုံဖြစ်အောင် စီစဉ် ပေးကြတယ်။ ဘီလူးလဲ ချမ်းချမ်းသာသာ နေရ တယ်။

သူတို့ ညီနောင်သုံးယောက်လဲ ဗာရာဏသီ ပြည်မှာ မင်းလုပ် အုပ်ချုပ်နေကြသတဲ့။ အစ်ကို



ကြီးက ဘုရင်၊ စန္ဒကုမာရက အိမ်ရှေ့မင်းသား၊ သူရိယကုမာရက စစ်သူကြီး၊ အသီးသီး တာဝန် ယူကြပြီး **လောကပါလ၊ ဒေဝဓမ္မ၊ သဒ္ဓမ္မ** သုံးမည် ရတဲ့ **ဟိရီဩတ္တပ္ပ** အရှက်အကြောက်တရား လက်ကိုင်ထားကာ ဗာရာဏသီပြည်ကြီးကို သာယာရွှေပြည်ဖြစ်အောင် ဆောင်ရွက်ကြ သတဲ့။

အဲဒီ မင်းသားသုံးယောက်ဟာ မကောင်းမှု မတရားမှု ပြုရမှာ ရှက်တဲ့စိတ် **ဟိရီ** နှင့် ကြောက် တဲ့စိတ် **ဩတ္တပ္ပ** ဆိုတဲ့ **လောကပါလ** တရားနှစ်ပါး လမ်းညွှန်ထားပြီး တိုင်းပြည်ကို အုပ်ချုပ်ကြတာ ဆိုတော့ ဗာရာဏသီပြည်ကြီးဟာ အေးချမ်း သာယာနေမှာပေါ့။

ဒီလိုမဟုတ်ဘဲ သူတို့ဟာ မကောင်းမှု မတရားမှုတွေကို အရှက်မရှိ အကြောက်မရှိ ပြုမှု အုပ်ချုပ် ထင်ရာလုပ်နေရင်တော့ ဗာရာဏသီပြည် ကြီးဟာ တဖြည်းဖြည်း ပျက်စီးပျောက်ကွယ် သွားမှာပဲ။



ဒါကြောင့် ဘယ်တိုင်းပြည်မဆို တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူများဟာ မကောင်းမှု မတရား မှု ဒုစရိုက်တွေကို ပြုရမှာ ရှက်တဲ့စိတ် ကြောက် တဲ့စိတ် **ဟိရီ ဩတ္တပ္ပ၊ လောကပါလ၊ ဒေဝဓမ္မ** တရားနှစ်ပါး လမ်းညွှန်ထားပြီး အုပ်ချုပ်သွား ကြရင် ပျော်ရွှင်ဖွယ်ရာ အေးချမ်းသာယာတဲ့ တိုင်းပြည်ကြီးဖြစ်မှာ မလွဲပါ။

**ချမ်းမြေ့ဆရာတော်**

**တပည့်ယောဂီများက**
**ချမ်းမြေ့ဆရာတော်ဘုရားကြီးအား**
**ပထမအကြိမ်ပူဇော်ပွဲ**

ကျင်းပမည့်နေ့ → ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂၊ ၁၃၊ ၁၄ ရက်
၂၀၁၄ ခုနှစ်၊ မတ်လ ၁၂၊ ၁၃၊ ၁၄ ရက်
ကျင်းပမည့်နေရာ → ချမ်းမြေ့ရိပ်သာ၊ ရန်ကုန်မြို့။

**ပူဇော်ပွဲအစီအစဉ်**

၁၁-၃-၂၀၁၄ နေ့ ညနေ ဓမ္မာရုံအပေါ်ထပ်တွင်
သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ပြင်ဆင်ရန်